# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့(၁၁-၆-၂၀၂၆)
# မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးကျော်ငြိမ်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်က** တာချီလိတ်မြို့နယ် အတွင်း ရေကြီးရေလျှံမှု အန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက** မြို့တွင်းရပ်ကွက်(၄)ခုတွင် လမ်းဖြတ်တံတား (၁၄)စင်း အုတ်စီရေမြောင်းများ ဆောက်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှုများနှင့် အသိပညာပေးမှုများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဒေါက်တာအောင်ကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က** နေပြည်တော် ကောင်စီနယ်မြေတွင် မီတာဖြင့်သုံးစွဲရသည့် အငှားယာဉ် (TAXI) ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ အနေဖြင့် EV Taxi (၃၆) စီးဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် EV Bus များ ၊ EV Taxi များနှင့် Charging Station များကို နှစ်အလိုက်စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးရဲထွဋ်မှုံအောင်၊ မင်းလှမဲဆန္ဒနယ်က** တရားဝင်အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားသော ပရဟိတအသင်းအဖွဲ့များရှိ လိုင်စင်မဲ့မော်တော်ကား များအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင် လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ပြည်ပမှ တရားဝင်တင်သွင်းလာသည့် လူနာ တင်ယာဉ်၊ နိဗ္ဗာန်ယာဉ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေငြာလွှာ၊ အကောက်ခွန်ဖော်ပြချက်နှင့် ဝန်ကြီးဌာနမှ အခွန်အကောက်ကင်းလွတ်ခွင့် ပြုကြောင်း အမိန့်ကြော်ငြာစာများကိုစိစစ်ပြီး ယာဉ်မှတ်ပုံတင်ခ ကောက်ခံ ခြင်း မပြုဘဲ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်က** သီပေါမြို့နယ်တွင် (၂၄) နာရီ ပတ်လုံး ဖုန်းလိုင်းများဆက်သွယ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** လုပ်ငန်း လည်ပတ်နိုင်ခြင်း မရှိသေးသည့် မိုဘိုင်းစတန်း (၂၀)ခုအတွက် လျှပ်စစ် ဓာတ်အားရရှိမှုနှင့် စက်သုံးဆီများ ပုံမှန်ပြန်လည်ရရှိပါက ဆက်သွယ်မှု အချိန်ပြည့်ရရှိအောင် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **စိုင်းဆမ်၊ မိုင်းယန်းမဲဆန္ဒနယ်က** မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ အုပ်စုရှိ ရွာ (၆)ရွာတွင် ဖုန်းဆက်သွယ်ရေးတာဝါတိုင် တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** နယ်မြေဒေသ အခြေအနေများအပေါ်မူတည်ပြီး ကွင်းဆင်းတိုင်းတာခြင်းနှင့် အခြေခံ ဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ၏ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက မိုဘိုင်းစခန်းများ တည်ဆောက် နိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးလှမင်း၊ ငါန်းဇွန်မဲဆန္ဒနယ်က** ငါန်းဇွန်မြို့နယ်အတွင်းရှိ မူလတန်း ကျောင်းမှ အထက်တန်းကျောင်းအထိ ကျောင်းပေါင်း ၆၆ ကျောင်းမှာ ယာယီပိတ်ထားရပါသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး မည်သို့ဆောင်ရွက် ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** (၆၆)ကျောင်းအနက် သပြေသာ- အခြေခံပညာမူလတန်း ကျောင်းကို ဖွင့်လှစ်ပြီးဖြစ်ပြီး ကျန်ရှိသည့်ကျောင်းများကိုလည်း ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇။ | **ဦးစိုင်းလောင်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်က** မိုင်းပျဉ်းမြို့နယ်ရှိ အ.မ.က (၂၆)ကျောင်းတွင် လိုအပ်သည့် ဆရာ/ဆရာမများအား လာမည့် ပညာသင်နှစ်တွင် ခွဲဝေခန့်ထားပေးရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် ပညာရေးဒီဂရီ ကောလိပ်သင်တန်းဆင်း ဆရာ၊ ဆရာမများကို ဦးစားပေး အစီအစဉ်အလိုက် ဖြည့်ဆည်းခန့်ထားပေးခြင်းအပြင် မြို့နယ်အတွင်းရှိ ဆရာ၊ဆရာမများကို အလှည့်ကျ သို့မဟုတ် ယာယီတာဝန်ချထားခြင်းကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးဝင်းဇော်၊ ပင်းတယမဲဆန္ဒနယ်က** ပင်းတယမြို့နယ်အတွင်းရှိ သပြေကုန်း အ.လ.က (ခွဲ) ရှောက်ချို အ.မ.က တို့တွင် အလျား (၉၀)ပေ ၊ အနံ (၃၀)ပေ တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်စီ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** သပြေကုန်း အ.လ.က (ခွဲ)တွင် စာသင်ခန်းများ လိုအပ်နေသည့်အတွက် အလျား(၉၀)ပေ၊ အနံ(၃၀)ပေ RC တစ်ထပ်ကျောင်း ဆောင်သစ်အား ၂၀၂၇-၂၀၂၈ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားမှုအပေါ်မူတည်၍ တည်ဆောက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |